Press Release

U.S. Embassy Rangoon

110 University Avenue, Kamayut Township, Rangoon, Burma

အထက်လွှတ်တော်အမတ် ဝွန်မက်ဂိန်း
ဇွန် ၃ ရက်၊ ၂၀၁၁ ခုနှစ်
ရန်ကုန်၊မြန်မာ

အခုလို တက်ရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သံရုံးယာယီတာဝန်ခံနဲ့ အမေရိကန်သံရုံးကိုလည်း သူတို့ရဲ့အကူအညီတွေ အတွက် ကျွန်တော်ကျေးဇူးတင်ပါတယ်။ တစ်ဆယ့်ငါးနှစ် ကြာပြီးမှ ဒီနိုင်ငံကို နောက်တစ်ခေါက် ပြန်လာရတဲ့အတွက် ကျွန်တော် ဝမ်းမြောက်မိပါတယ်။ ဒီနိုင်ငံဟာ ကမ္ဘာပေါ်မှာရှိတဲ့ အလှပဆုံးနေရာတွေထဲက တစ်ခုပါ။ ကျွန်တော့်ကို နေ့စဉ်နေ့တိုင်း စိတ်ဓာတ် တက်ကြွမှုကိုပေးတဲ့၊ ရည်မွန်အံ့သြစရာကောင်းတဲ့ ပြည်သူတွေရှိတဲ့ နိုင်ငံတစ်ခုပါ။ ဒီကို နောက်တစ်ခေါက်ပြန်ရောက်ရတဲ့အတွက် ကျွန်တော်ဝမ်းသာပါတယ်။

လွန်ခဲ့တဲ့ နှစ်ရက်က ဒုတိယသမ္မတနဲ့ လွှတ်တော်ပြောရေးဆိုခွင့်ရှိသူတွေ အပါအဝင် အရပ်သားအစိုးရအဖွဲ့သစ်က အဆင့်မြင့် ခေါင်းဆောင်တွေနဲ့ ကျွန်တော်တွေ့ဆုံခွင့်ရခဲ့ပါတယ်။ အစိုးရအဖွဲ့ဝင်ရော အဖွဲ့ဝင်မဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေ၊ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တွေနဲ့လည်းတွေ့ခဲ့ရပါတယ်။ မကြာသေးခင်ကမှ လွတ်လာတဲ့ နိုင်ငံရေးခေါင်းဆောင်တွေနဲ့လည်း တွေ့ခဲ့ပါတယ်။ သူတို့ထဲက တချို့ဆိုရင် အနှစ် ၂၀ လောက်အထိ အထီန်းသိမ်းခံခဲ့ရသူတွေပါ။ ဒီနိုင်ငံအတွင်းမှာရှိတဲ့ အဆင်းရဲဆုံး ပြည်သူတွေရဲ့ အရေးအကြီးလိုအပ်ချက်တွေကို ထူးထူးခြားခြား ကူညီဖြည့်ဆည်းပေးနေတဲ့ အမျိုးသား၊အမျိုးသမီး လူသူတော်ကောင်း တချို့နဲ့လည်းတွေ့ခဲ့ရပါတယ်။ ပြီးတော့ ဆယ်စုနှစ်တွေချီပြီး ကျွန်တော့်ရဲ့သူရဲကောင်းဖြစ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ခဲ့ရပါသေးတယ်။ ပြည်သူတွေအတွက် သူ့ရဲ့ ဆောင်ရွက်မှုတွေဟာ ကျွန်တော့်အတွက်တော့ အံ့သြချီးမွမ်းဖွယ်၊ အတုယူဖွယ် ဖြစ်ရပါတယ်။

မြန်မာအစိုးရသစ်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးတိုးတက်ကောင်းမွန်လိုတယ်ဆိုတာ နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ ကျွန်တော့်ရဲ့တွေ့ဆုံမှုတွေမှာ အထင်အရှား တွေ့ရပါတယ်။ ပြီးတော့ ဒီကိစ္စဟာ ကျွန်တော်နဲ့ ကျွန်တော်တို့အစိုးရရဲ့ ပြင်းပြတဲ့ ဆန္ဒတစ်ခုဖြစ်တယ်ဆိုတာလည်း ထင်ရှားပါတယ်။ မကြာသေးခင်က အိမ်နီးချင်းနိုင်ငံ ဗီယက်နမ်နဲ့ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတာကို ကြည့်ရင် အမေရိကန်ပြည်ထောင်စုဟာ ဘယ်နိုင်ငံနဲ့မှ ဆက်ဆံရေး အဆင်မပြေတာမျိုး အဖြစ်ခံမှာ မဟုတ်ဘူးဆိုတာ တွေ့နိုင်ပါတယ်။ မြန်မာအစိုးရသစ်ဟာ အတိတ်ကိစ္စတချို့ကိုပြောင်းလဲလာပြီလို့ ကျွန်တော်အသိအမှတ်ပြုပါတယ်။ သိသာတဲ့ အပြောင်းအလဲတစ်ခုကို ပြရမယ်ဆိုရင် ကျွန်တော့်ကို နောက်တစ်ခေါက် ဒီကို လာခွင့်ပြုလိုက်တာပါပဲ။ လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း ကျွန်တော် အခုလို ကြိုးစား ခဲ့ပေမဲ့ ငြင်းပယ်ခံခဲ့ရပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ အခုဆိုဆက်ဆံရေးတိုးတက်ဖို့ အခွင့်အလမ်းရှိနေပြီလို့ ကျွန်တော်ရိုးရိုးသားသား မျှော်လင့်မိပါတယ်။ ပြီးတော့ ဒီလုပ်ငန်းစဉ်အတွက် ကျွန်တော်ကူညီနိုင်မယ်ဆိုရင် တစ်ခန်းတစ်ကဏ္ဍအဖြစ်ပါဝင်ဖို့ ကျွန်တော် အဆင်သင့်ရှိနေပါတယ်။ အမေရိကန်ပြည်ထောင်စုကလည်း ကျွန်တော်တို့ရဲ့ မူဝါဒအကုန်လုံးကို ချပြပြီး၊ မြန်မာအစိုးရသစ်ရဲ့ တောင်းဆိုမှုတွေကို မျှမျှတတ

စဉ်းစားပေးသင့်ပါပြီ။ ဒါပေမဲ့ မနေ့က အစိုးရအရာရှိတွေနဲ့ တွေ့တုန်းက ကျွန်တော်ပြောခဲ့သလိုပဲ၊ ဘယ်လို ဆက်ဆံရေးတိုးတက်မှုမဆို စကားလုံးလှလှတွေနဲ့ ဖန်တီးတည်ဆောက်လို့မရနိုင်ပါဘူး။ ခိုင်မာတဲ့ အလုပ်နဲ့သာ တည်ဆောက်မှ ရပါမယ်။ မြန်မာအစိုးရသစ်ရဲ့ စစ်မှန်တဲ့ ဒီမိုကရေစီရေး မဆုတ်မနစ် ဖော်ဆောင်မှုတွေနဲ့ အပြန်အလှန်အဖြစ် အမေရိကန်ပြည်ထောင်စုရဲ့ အပြောင်းအလဲ လုပ်လိုတဲ့ ဆန္ဒတွေကို ကွန်ဂရက်အပါအဝင် ကျွန်တော်ရော၊ တခြား အမေရိကန်ခေါင်းဆောင်တွေပါ သုံးသပ်သွားပါမယ်။ ဒီလို သုံးသပ်တဲ့ နေရာမှာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ မတ် ၁၈၊ ၂၀၁၁ ဆုံးဖြတ်ချက်လို အားထားလောက်တဲ့ အထောက်အထားတွေအပေါ် အခြေခံစဉ်းစားသွားမှာပါ။

ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသူအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးရေးဟာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။ ဒီနိုင်ငံက အဖွဲ့အစည်းတွေအပါအဝင် သိက္ခာရှိ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူ့အခွင့်အရေးအဖွဲ့အစည်းတွေက မြန်မာနိုင်ငံမှာ အမျိုးသား၊ အမျိုးသမီး ၂၀၀၀ ကျော်ဟာ ဘယ်နိုင်ငံမှာမှ ပြစ်မှုလို့သတ်မှတ်လို့ မရနိုင်တဲ့၊ အစိုးရအားလုံးလိုက်နာအပ်တဲ့ လွတ်လပ်စွာ ပြောဆိုခွင့်၊ တွေးခေါ်ခွင့်၊ ကိုးကွယ်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်စတဲ့ အပြည်ပြည်ဆိုင်ရာ အခြေခံလူ့အခွင့်အရေးတွေနဲ့ပတ်သက်တဲ့ သူတို့ရဲ့ လုပ်ရပ်တွေကြောင့် အကျဉ်းချခံနေရတယ်လို့ ခန့်မှန်းထားပါတယ်။

နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို ဒီနိုင်ငံမှာရှိတဲ့ အကျဉ်းသားအားလုံးနဲ့ လွတ်လွတ်လပ်လပ်တွေ့ခွင့် ချက်ချင်းပေးဖို့ ကျွန်တော် မြန်မာအစိုးရသစ်ကို တောင်းဆိုထားပါတယ်။ အဲဒီအဖွဲ့အစည်းက အကျဉ်းကျတွေရဲ့ အခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။

နောက်တစ်ဆင့်က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တောင်းဆိုထားသလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးနှင့် လူ့အခွင့်အရေးကို အာမခံချက်ပေးဖို့ပါပဲ။ အထူးသဖြင့် သူ ဆန္ဒရှိကြောင်းထုတ်ပြောခဲ့တဲ့အတိုင်း အနာဂတ်မှာ နိုင်ငံတစ်ဝန်း ခရီးထွက်တဲ့ အခါမှာပေါ့၊။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လွတ်လွတ်လပ်လပ် ခရီးသွားဖို့ နောက်ဆုံးအကြိမ် ကြိုးစားခဲ့တုန်းက အကြမ်းဖက်တိုက်ခိုက်တာနဲ့ ဇာတ်သိမ်းခဲ့ရတယ်။ ဒီတစ်ကြိမ်မှာ အလားတူ အဖြစ်မျိုး မဖြစ်ရအောင် အစိုးရသစ်ရဲ့ စွမ်းဆောင်ရည်နဲ့ ဆန္ဒက သူတို့ အနေနဲ့ ပြောင်းလဲဖို့ ဆန္ဒရှိပါတယ်ဆိုတဲ့အပေါ်မှာ အရေးကြီးတဲ့ မှတ်ကျောက်တစ်ခု ဖြစ်လာပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အကာအကွယ်ပေးတယ်ဆိုတာ ထင်ပေါ်ကျော်ကြားတဲ့ နိုင်ငံသားတစ်ယောက်မို့ အထူးအခွင့်အရေးပေးတယ်ဆိုတာမျိုး မဟုတ်ဘဲ ဒီနိုင်ငံတွင်းက ပြည်သူတွေအားလုံး အကျုံးဝင်တဲ့ လူ့ဂုဏ်သိက္ခာရဲ့ လိုအပ်ချက်အနေနဲ့ပဲ ဖြစ်သင့်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခွင့်အရေးနဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေကို အာမခံပေးတာအပြင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တိုက်တွန်းထားတဲ့အတိုင်း ယခုအစိုးရသစ်ဟာ အမျိုးသားရင်ကြားစေ့ရေး ဒီမိုကရေစီနည်းစဉ်ကို စတင်ရပါမယ်။ ငြိမ်းချမ်းစွာ တွေ့ဆုံ ဆွေးနွေးခြင်းအားဖြင့် ဒီနိုင်ငံကို စည်းလုံးညီညွတ်အောင် တကယ်တမ်းကြိုးစားရပါမယ်။ ဒါဟာလူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ပါ။ ဒီအပေါ်မှာ ကျွန်တော်ကလည်း သဘောတူပါတယ်။ ဒီလိုရင်ကြားစေ့ရေးလုပ်ငန်းစဉ် တရားဝင်စေဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားလူနည်းစုတွေ၊ တခြားအတိုက်အခံ ခေါင်းဆောင်တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ပါ ပါဝင်ရပါမယ်။ အဖွဲ့ချုပ်ကို အရင်က တရားဝင်နိုင်ငံရေးပါတီအဖြစ် အသိအမှတ်ပြုခဲ့တဲ့နည်းတူ အခုလည်း အသိအမှတ်ပြုသင့်ပါတယ်။

နောက်ဆုံးအနေနဲ့ အစိုးရသစ်ဟာ အနမြူလက်နက် မပြန့်ပွားရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာက လေးစားလိုက်နာဖို့လိုအပ်တဲ့ ကုလ သမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း လေးစားလိုက်နာရပါမယ်။ နိုင်ငံတကာဥပဒေရဲ့ လိုအပ်ချက်အရ မြောက်ကိုရီးယားအစိုးရနဲ့ စစ်ရေးဆက်ဆံမှုတွေကိုလည်း ရပ်ရပါမယ်။

ဒီလုပ်ငန်းစဉ်တွေကို ဖြစ်ဖြစ်မြောက်မြောက်ဆောင်ရွက်ဖို့အတွက် အချိန်အများကြီး မကြာပါဘူး။ အချိန်အကြာကြီးယူဖို့လည်း မသင့်ပါဘူး။ အစိုးရသစ်အနေနဲ့ ဆန္ဒရှိမယ်ဆိုရင် အလျင်အမြန်ပဲ အကောင်အထည်ဖော်နိုင်ပါတယ်။ ဒါဆိုရင် အမေရိကန်ပြည်ထောင်စုဘက်ကလည်း အပြန်အလှန်အားဖြင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်လာပါလိမ့်မယ်။ ဒီလို အပြုသဘော ဆက်ဆံရေးဟာ အချိန်အကန့်အသတ် ရှိသင့်သလို ရလဒ်တွေလည်း ထွက်ပေါ်လာဖို့လိုပါတယ်။ တစ်ချိန်တည်းမှာ တာဝန်ရှိတဲ့ နိုင်ငံများပါဝင်တဲ့ အသင်းအဖွဲ့တွေကလည်း စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းဖို့ကို ဆက်ပြီး တွန်းအားပေးသင့်ပါတယ်။ ဒါဟာ လက်စားချေဖို့၊ အပြစ်ပေးဖို့ မဟုတ်ဘဲ ဒီနိုင်ငံကပြည်သူတွေအတွက် လုပ်သမျှပေါ်မှာ တာဝန်ယူမှုရှိဖို့နဲ့ တရားမျှတမှုရှိဖို့တို့အတွက် ဖြစ်ပါတယ်။

အလားတူပါပဲ။ ဒေါ်အောင်ဆန်းစုကြည် သူ့ဟာသူ ပြောခဲ့သလိုပဲ ဒီအစိုးရအနေနဲ့ ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲမှုတွေကို နက်နက်ရှိုင်းရှိုင်း လုပ်ပါမယ်ဆိုတဲ့ လက်ဆုပ်လက်ကိုင်ပြလောက်တဲ့ ဆောင်ရွက်မှုမရှိဘဲနဲ့တော့ ပိတ်ဆို့ကန့်သတ်မှုတွေကို လျော့ပေးတာမျိုး မလုပ်သင့်ပါဘူး။ တကယ်တမ်းပြောရရင် အခုလက်ရှိချမှတ်ထားတဲ့ ပိတ်ဆို့ကန့်သတ်မှုတွေကို ပိုပြီးထိရောက်အောင် နည်းလမ်းရှာ လုပ်ဆောင်သင့်ပါတယ်။ တစ်ချိန်တည်းမှာ ဒီကပြည်သူလူထုတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းမြတ်ဆုံးပါဝင်ဆောင်ရွက်နိုင်ဖို့ကိုလည်း မျက်ခြည်မပြတ်ကြပါနဲ့။ အဲဒီ ဖွံ့ဖြိုးတိုးတက်မှုတွေဆိုတာက အစိုးရသစ်အနေနဲ့ ဒီနိုင်ငံရဲ့ သေရေးရှင်ရေး ဖြစ်နေတဲ့ ကျန်းမာရေး၊ ဆင်းရဲမွဲတေမှု၊ ပညာရေးနဲ့ အုပ်ချုပ်ရေးတို့ကို အလေးထားကိုင်တွယ်ဖို့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာနဲ့ သယံဇာတအရင်းအမြစ်တွေကို သုံးစွဲတာမှာ နေပြည်တော်ကို တည်ဆောက်တုန်းက လုပ်ကိုင်သုံးစွဲသလိုမျိုး နှစ်ပြီးလုပ်ဖို့ လိုပါတယ်။

စကားကုန်ပြောရရင် ယခုအစိုးရသစ်က ဒီယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့လူတွေကို လွှတ်တာ၊ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တာ၊ ဘက်စုံပြုပြင်ပြောင်းလဲမှုတွေကို ပိုပြီးနက်နက်ရှိုင်းရှိုင်း လုပ်ဆောင်တာတွေဟာ အမေရိကန်ပြည်ထောင်စုအကျိုးအတွက်လုပ်တယ် ဆိုတာမျိုး မဖြစ်သင့်ပါဘူး။ ဒါဟာမှန်ကန်တဲ့ လုပ်ရပ်ဖြစ်တာကြောင့် လုပ်တာမျိုးပဲ ဖြစ်သင့်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံရဲ့ အောင်မြင်မှုနဲ့ နိုင်ငံသားများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆောင်းပေးနိုင်မှာ ဖြစ်လို့ပါပဲ။ ဘာလို့လဲဆိုတော့ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးသစ်တစ်ရပ်ကို ဖန်တီးနိုင်ဖို့ အခွင့်သာလာမှာ ဖြစ်လို့ပါပဲ။ ဒါဟာ ဒီနိုင်ငံရဲ့ လေးစားမှု ခံယူထိုက်တာရယ်၊ လွတ်လပ်ရေးရယ်ကို အားလျော့စေမှာ မဟုတ်ဘဲ ပိုပြီးအားကောင်းလာစေမှာ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် အခုအချိန်မှာ အပြောင်းအလဲဆိုတဲ့ လေပွေက တိုက်ခတ်နေပါတယ်။ ဒါဟာ အာရပ်ကမ္ဘာတစ်ခုတည်းမှာပဲ နေမှာမဟုတ်ပါဘူး။ တဖြည်းဖြည်းပြုပြင်ပြောင်းလဲယူတာမျိုး မလုပ်ခဲ့တဲ့အစိုးရတွေဟာ နောင်ကျရင် တော်လှန်ပြောင်းလဲမှုတွေနဲ့ ကြုံလာကြရပါလိမ့်မယ်။ ဒီအပြောင်းအလဲမျိုးကို ခဏဆိုင်းထားကောင်းဆိုင်းထားနိုင်မယ်။ အချိန်ဆွဲထားလို့ ရကောင်းရမယ်။ ဒါပေမဲ့ ပယ်ရှားလို့တော့ မရနိုင်ပါဘူး။

ဒီနိုင်ငံကြီးကပြည်သူတွေဟာ ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲဖို့အတွက် စိတ်အားထက်သန်နေကြပါတယ်။ ဒီအတွက်လည်း နှစ်ကာလတွေတစ်လျှောက် သူတို့တစ်တွေ ပေးဆပ်နေကြပါတယ်။ တကယ်လို့ အစိုးရသစ်က ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲမှုတွေနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို လုပ်ဆောင်ဖို့အတွက် ဆန္ဒတကယ် ရှိကြောင်း ခိုင်ခိုင်မာမာ ပြသမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုရော၊ ကျွန်တော်ရောဟာလည်း မိတ်ဖက်ကောင်းတွေဖြစ်လာမှာပါ။

ကျေးဇူးတင်ပါတယ်။